# ဓမ္မစက္ကပဝတ္တနသုတ် ပါဠိ+မြန်မာပြန်

(ဝိနည်းမဟာဝါ ပါဠိတော် ၁၄-၁၈။ မဟာဝဂ္ဂသံယုတ် ပါဠိတော် ၃၆၈-၃၇၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၃၂၉-၃၃၂။)

**ဓမ္မစကြာ အမွှန်း**

**(က) ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊ ဣသိပတန နာမကေ။**
**မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာနပါပကံ။**

**(ခ) သဟံပတိနာမကေန၊ မဟာဗြဟ္မေန ယာစိတော။**
**စတုသစ္စံ ပကာသန္တော၊ လောကနာထော အဒေသယိ။**

**(ဂ) နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ။**
**သဗ္ဗလောကဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။**

ဣသိပတန အမည်ရှိသော သားကောင်အပေါင်းတို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌ သတ္တလောက၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါးပါးအစုဖြစ်ကြသည့် ရဟန်းအဖြစ်သို့ မရောက်ကြသေးသော ရသေ့အရှင်သူမြတ်တို့အား နိဗ္ဗာန်သို့ ရောက်စေနိုင်သည့် အကြင်မွန်မြတ်လှသော တရားဦးကို သဟမ္ပတိ အမည်ရှိသော ဗြဟ္မာမင်းကြီးသည် တောင်းပန်အပ်သည်ဖြစ်၍ သစ္စာလေးပါး မြတ်တရားကို ထင်ရှားပြလျက် ဟောတော်မူခဲ့လေပြီ။

ကြွင်းမဲ့ဥဿုံ အလုံးစုံသော နတ်ဗြဟ္မာအပေါင်းတို့သည် နှစ်သက်ဝမ်းမြောက်အပ်သော လူ,နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာသမ္ပတ္တိကို ပြီးစေနိုင်သော ထိုဓမ္မစကြာ တရားဒေသနာတော်မြတ်ကို ကြားနာရသူ လုံးစုံများစွာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ... အို သူတော်ကောင်းတို့, ပုဒ် ပါဠိ အက္ခရာ ပီပြင်စွာဖြင့် ညီညာဖျဖျ ရွတ်ဖတ်ကြပါကုန်စို့...။

**နိဒါန်း**

**ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။**

အခါတပါး၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီ နေပြည်တော်အနီးရှေးခါခေတ်ဟောင်း ရသေ့သူမြတ်အပေါင်းတို့၏ သက်ဆင်းရာ, သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော မိဂဒါဝုန်တောကြီး၌ သီတင်းသုံး နေတော်မူ၏။ ထိုသို့ သီတင်းသုံးတော် မူသောအခါ၌ မြတ်စွာဘုရားသည် ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိဟု ငါးပါးအစု ရှိကြကုန်သော ရဟန်းတို့ကို ခေါ်တော်မူ၏။

**အစွန်း ၂-ပါး**

**ဒွေ'မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ? ယော စာ'ယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာ'ယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။**

ရဟန်းတို့… ရဟန်းဖြစ်သူသည် အစွန်းနှစ်ပါးကို မမှီဝဲအပ်ကုန်။ အဘယ် နှစ်ပါးတို့နည်း? ယုတ်ညံ့၍, ရွာသူတို့၏ အကျင့်ဖြစ်သော, ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍, အရိယာတို့၏ အလေ့ အကျင့် မဟုတ်သော, အကျိုးစီးပွားနှင့် မစပ်ယှဉ်သော, ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိ-သောအားဖြင့် အဖန်ဖန် တလဲလဲ လိုက်စားအားထုတ်ခြင်းလည်းကောင်း၊ ကိုယ်စိတ်တို့၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော, အရိယာတို့၏ အကျင့်မဟုတ်သော, အကျိုးစီးပွားနှင့် မစပ်ယှဉ်သော, ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းလည်းကောင်း…, ဤနှစ်ပါးတို့ပေတည်း။

**မဇ္ဈိမလမ်းမှန်နှင့် ယင်း၏အကျိုး**

**ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခု-ကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

**ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏ-ကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ?**

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

**အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

ရဟန်းတို့… အစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်-သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော, အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းရန် အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ သစ္စာလေးပါးကို သိရန်အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်၏။

ရဟန်းတို့… ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော, ကိလေသာငြိမ်းခြင်း, ထူးသောဉာဏ်ဖြင့် သိခြင်း, သစ္စာလေးပါးကို သိခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာဖြစ်သော ထိုအလယ်အလတ်ဖြစ်သော မြတ်သောအကျင့်ကား အဘယ်ပါနည်း?

အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ် ပင်တည်း။ ဤအင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဟူသည် အဘယ်နည်း? မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိ, မှန်စွာကြံစည်ခြင်း သမ္မာသင်္ကပ္ပ, မှန်စွာပြောဆိုခြင်း သမ္မာဝါစာ, မှန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တ, မှန်စွာအသက်မွေးခြင်း သမ္မာအာဇီဝ, မှန်စွာအားထုတ်ခြင်း သမ္မာ-ဝါယာမ, မှန်စွာ အောက်မေ့ခြင်း သမ္မာသတိ, မှန်စွာတည်ကြည်ခြင်း သမ္မာသမာဓိတို့ ပေတည်း။

ရဟန်းတို့… ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော ဤအလယ်အလတ်ဖြစ်သော မြတ်သောအကျင့်သည် ကိလေသာငြိမ်းရန် အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်အမြင်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ သစ္စာလေးပါးကို သိရန်အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်၏။

**ဒုက္ခသစ္စာ**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော*၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။**

ရဟန်းတို့… ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား “ဒုက္ခအရိယသစ္စာ”ပေတည်း။ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း ဆင်းရဲ၏။ အိုရခြင်းသည်လည်း ဆင်းရဲ၏။ နာရခြင်းသည်လည်း ဆင်းရဲ၏။ သေရခြင်းသည်လည်း ဆင်းရဲ၏။ မချစ်မနှစ်သက်အပ်သော သတ္တဝါ,သင်္ခါရတို့နှင့် အတူနေရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်နှစ်အပ်သော သတ္တဝါ,သင်္ခါရတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။ မရနိုင်သောအရာကို အလိုရှိခြင်းသည်လည်း (ဝါ) အလိုရှိပါလျက် မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏။

**သမုဒယသစ္စာ**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂ-သဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ? ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ။**

ရဟန်းတို့… ဤသည်ကား ဆင်းရဲ၏အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား “သမုဒယ အရိယသစ္စာ”ပေတည်း။ အကြင်တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏။ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့် တကွဖြစ်၏။ ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်၏။

ထိုတပ်မက်မှု တဏှာဟူသည် အဘယ်နည်း? ငါးဖြာအာရုံ ကာမဂုဏ်၌ တပ်မက်တတ်သော ‘ကာမတဏှာ’၊ တည်မြဲ၏ဟု ယူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော ကာမ,ရူပ,အရူပဟု သုံးမျိုးသော ဘဝ၌ တပ်မက်မှု ‘ဘဝတဏှာ’၊ သေလျှင် ပြတ်စဲ၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော ဘဝကင်း ပြတ်ခြင်း၌ တပ်မက်မှု ‘ဝိဘဝတဏှာ’တို့တည်း။

**နိရောဓသစ္စာ**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။**

ရဟန်းတို့… ဤသည်ကား ဆင်းရဲ၏ချုပ်ရာ အရိယာတို့၏ အမှန်တရား ‘နိရောဓအရိယသစ္စာ’ ပေတည်း။ ယင်းဆင်းရဲ၏ ချုပ်ငြိမ်းရာဟူသည် ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ စွဲမက်မှု ကင်းပျောက် ချုပ်ငြိမ်းရာ, စွန့်လွှတ်ရာ, တဖန်စွန့်လွှတ်ရာ, လွတ်မြောက်ရာ, မကပ်ငြိရာ, နိဗ္ဗာန်ပင် ဖြစ်၏။

**မဂ္ဂသစ္စာ**

**ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

ရဟန်းတို့… ဤသည်ကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'ပေတည်း။ ဤအရိယမဂ်သည် အင်္ဂါရှစ်ပါး ရှိ၏။ အင်္ဂါရှစ်ပါးတို့ဟူသည်ကား… မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိ, မှန်စွာကြံစည်ခြင်း သမ္မာသင်္ကပ္ပ, မှန်စွာပြောဆိုခြင်း သမ္မာဝါစာ, မှန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တ, မှန်စွာအသက်မွေးခြင်း သမ္မာအာဇီဝ, မှန်စွာအားထုတ်ခြင်း သမ္မာဝါယာမ, မှန်စွာ အောက်မေ့ခြင်း သမ္မာသတိ, မှန်စွာတည်ကြည်ခြင်း သမ္မာသမာဓိတို့ ပေတည်း။

## ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး

**သစ္စဉာဏ်**

**"ကတမံ ဒုက္ခံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့ … "ဤတရားသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' မည်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့်သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကိစ္စဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဒုက္ခအရိယသစ္စာကို စင်စစ် ပိုင်းခြား၍ သိထိုက်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကတဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဒုက္ခအရိယသစ္စာကို ပိုင်းခြား၍ သိခဲ့ပြီးပြီ"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

## သမုဒယသစ္စာ၌ ဉာဏ်သုံးပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့ … "ဤတရားသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား 'သမုဒယ အရိယသစ္စာ' မည်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကိစ္စဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခသမုယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား သမုဒယ အရိယသစ္စာကို ပယ်အပ်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြား အားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကတဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား သမုဒယ အရိယသစ္စာကို ပယ်ပြီးပြီ"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာ တရား တို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့်

သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

## နိရောဓသစ္စာ၌ ဉာဏ်သုံးပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့... "ဤနိဗ္ဗာန်သည် ဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'မည်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကိစ္စဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့... ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'ကို မျက်မှောက်ပြုအပ်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓ သစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြား အားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကတဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့... ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'ကို မျက်မှောက်ပြုပြီးပြီ"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓ သစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

## မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး

**သစ္စဉာဏ်**

**“ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့… “ဤတရားသည် ဆင်းရဲခြင်း၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား ‘မဂ္ဂအရိယသစ္စာ’မည်၏”ဟု ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော ‘ဉာဏ်ပညာ’သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော ‘ဉာဏ်ဝိဇ္ဇာ’သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကိစ္စဉာဏ်**

**“တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့… ငါဘုရားသည် “ထိုဆင်းရဲခြင်း၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား ‘မဂ္ဂအရိယသစ္စာ’ကို ပွားများအပ်၏”ဟု ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော ‘ဉာဏ်ပညာ’သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော ‘ဉာဏ်ဝိဇ္ဇာ’သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကတဉာဏ်**

**“တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့… ငါဘုရားသည် “ထိုဆင်းရဲခြင်း၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား ‘မဂ္ဂအရိယသစ္စာ’ကို ပွားများပြီးပြီ”ဟု ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအား ဖြင့် သိတတ်သော ‘ဉာဏ်ပညာ’သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော ‘ဉာဏ်ဝိဇ္ဇာ’သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ဘုရားအဖြစ် ဝန်မခံသေးချိန်**

**ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ**

**သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ “အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိ-သမ္ဗုဒ္ဓေါ”တိ ပစ္စညာသိံ။**

ရဟန်းတို့… ဤအရိယာတို့၏ အမှန်တရား လေးပါးတို့၌ ဤသို့ သုံးပါးသောအပြန်, တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါဘုရားသည် နတ်,မာနတ်,ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့်၊ သမဏ, ဗြာဟ္မဏ, မင်းများ, လူများနှင့် တကွဖြစ်သော လူ့လောက၌ “အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ”ဟူ၍ ဝန်မခံခဲ့ချေ။

## ဘုရားအဖြစ် ဝန်ခံချိန်

**ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ “အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိ-သမ္ဗုဒ္ဓေါ”တိ ပစ္စညာသိံ။**

ရဟန်းတို့… ဤအရိယာတို့၏ အမှန်တရား လေးပါးတို့၌ ဤသို့ သုံးပါးသောအပြန်, တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင်သည် စင်ကြယ်သော အခါ၌သာလျှင် ငါဘုရားသည် နတ်,မာနတ်,ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့်၊ သမဏ, ဗြာဟ္မဏ, မင်းများ, လူများနှင့် တကွဖြစ်သော လူ့လောက၌ “အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ”ဟူ၍ ဝန်ခံခဲ့၏။

## နိဂုံးချုပ်စကားတော်

**ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယ’မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။**

‘ငါ၏ ကိလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီ။ ဤကား အဆုံးစွန်သော ဘဝတည်း။ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ’ဟု ငါအား ဉာဏ်အမြင် ပစ္စဝေက္ခဏာ ဉာဏ်သည်လည်း ထင်ရှားဖြစ်ပေါ်ခဲ့ပြီဟု မိန့်တော်မူ၏။

## သံဂါယနာမှတ်တမ်း

**ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။**

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူလတ်သော် ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်လိုကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်စွာ လက်ခံကြလေကုန်၏။

**အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ**

**ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ “ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ”န္တိ။**

ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟောကြားတော်မူလတ်သော် အရှင်ကောဏ္ဍညအား “ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏”ဟု ကိလေသာမြူအညစ်အကြေး ကင်းသော တရားမျက်စိ ‘သောတာပတ္တိမဂ်ဉာဏ်’သည် ဖြစ်ပေါ်လာ၏။

**နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ**

**ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။**

**ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။**

**စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ ...ပေ..., ယာမာ ဒေဝါ ...ပေ..., တုသိတာ ဒေဝါ ...ပေ..., နိမ္မာနရတိ ဒေဝါ...ပေ..., ပရနိမ္မိတ ဝသဝတ္တီ ဒေဝါ ...ပေ..., ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။**

မြတ်စွာဘုရားသည် ဓမ္မစကြာ တရားတော်ကို ဟောတော်မူလတ်သော် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် “လောက၌ ရဟန်း, ပုဏ္ဏား, နတ်, ဗြဟ္မာ, တစ်စုံတစ်ယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာ တရားဒေသနာတော်ကို မြတ်စွာဘုရား ဟောတော်မူအပ်ပြီ”ဟု ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ .... စာတုမဟာရာဇ်နတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

စာတုမဟာရာဇ်နတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ .... တာဝတိံသာနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

တာဝတိံသာ နတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ .... ယာမာနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ယာမာနတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ .... တုသိတာနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

တုသိတာနတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ .... နိမ္မာနရတိနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

နိမ္မာနရတိနတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ .... ပရနိမ္မိတ-ဝသဝတ္တိနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ပရနိမ္မိတ-ဝသဝတ္တိနတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ ဗြဟ္မာ့ပြည်၌ဖြစ်သော ဗြဟ္မာတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် "လောက၌ ရဟန်း, ပုဏ္ဏား, နတ်, ဗြဟ္မာ, တစ်စုံ တစ်ယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာ တရားဒေသနာတော်ကို မြတ်စွာဘုရား ဟောတော်မူအပ်ပြီ"ဟု ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

## လောကသောင်းတွင်း တုန်လှုပ်လင်း

**ဣတိဟ တေန ခဏေန, တေန လယေန, တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ၊ အယဉ္စ ဒသ-သဟဿီ-လောကဓာတု သကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။**

ဤသို့လျှင် ထိုအချိန် ထိုအခါ ထိုကာလတွင် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးသံသည် ပျံ့နှံ့၍ တက်၏။ ဤတစ်သောင်းသော လောကဓာတ်သည်လည်း တုန်လှုပ်၏။ ပြင်းစွာ တုန်လှုပ်၏။ ထက်ဝန်းကျင် တုန်လှုပ်၏။ အတိုင်းအရှည်မရှိ ကြီးမားသော အရောင်အလင်းသည်လည်း လောက၌ နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။

## မြတ်စွာဘုရား ချီးကျူးတော်မူပုံ

**အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ "အညာသိ ကောဏ္ဍညော"တွေဝ နာမံ အဟောသိ။**

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့... ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီ တကား၊ ရဟန်းတို့... ကောဏ္ဍညသည် သစ္စာလေးပါး တရားကို သိလေပြီတကား"ဟု ဥဒါန်းကို ကျူးရင့် တော်မူ၏။

ဤသို့ ဥဒါန်းကျူးရင့်တော်မူသောကြောင့် အရှင်ကောဏ္ဍညအား "အညာသိ ကောဏ္ဍည"ဟူ၍ သာလျှင် အမည်တွင်လေ၏။

## အရှင်ကောဏ္ဍည ရဟန်းအဖြစ် တောင်းပန်

**အထ ခေါ အာယသ္မာ အညာသိ-ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂဠ္ဍ-ဓမ္မော တိဏ္ဏ-ဝိစိကိစ္ဆော ဝိဂတ-ကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ"န္တိ။ "ဧဟိ ဘိက္ခူ"တိ ဘဂဝါ အဝေါစ "သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ"တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။**

ထို့နောက် အရှင် အညာသိ-ကောဏ္ဍညသည် တရားကို မြင်ပြီးသည်ဖြစ်၍, တရားသို့ ရောက်ပြီးသည်ဖြစ်၍, တရားကို သိပြီးသည်ဖြစ်၍, ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍, သို့လော သို့လော တွေးတောခြင်း ကင်းပြီးသည်ဖြစ်၍, ဘုရားမှတပါး ကိုးစားထိုက်သူ မရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို "အရှင်ဘုရား… အကျွန်ုပ်သည် မြတ်စွာဘုရားအထံ၌ ရှင့်အဖြစ်ကို ရလိုပါ၏။ ရဟန်းအဖြစ်ကို ရလိုပါ၏" ဟု လျှောက်ထား၏။

"ရဟန်း… လာလော့" "တရားကို ကောင်းစွာ ဟောအပ်ပြီ။ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်ကို ကျင့်လော့"ဟု မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် ထိုအရှင် ကောဏ္ဍည၏ ပဉ္စင်းအဖြစ် ပြီးစီးလေ၏။

ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ နိဋ္ဌိတံ။